# 1. Biometric ဖြင့် ဝင်ရောက်ခြင်း

## 1.1 Biometric ဖြင့် ဝင်ရောက်ခြင်းဆိုတာ ဘာလဲ?

- Biometric ဖြင့် ဝင်ရောက်ခြင်း ဝန်ဆောင်မှုသည် KBZ Mobile Banking App ကို ဝင်ရောက်ရာတွင် ပိုမိုမြန်ဆန်အောင် လုပ်ဆောင်ပေးနိုင်သော နည်းပညာဖြစ်သည်။ လက်ဗွေ (သို့) မျက်နှာကို Scan ဖတ်ရုံဖြင့် သင်၏ KBZ Mobile Banking စနစ်ကိုဝင်ရောက်နိုင်ပါသည်။ သင်၏ဖုန်းထဲတွင်ရှိသော Biometric နှင့်သက်ဆိုင်သည့် အချက်အလက်များအားလုံးသည် ယခုအခါ သင်၏လျှို့ဝှက်နံပါတ် ဖြစ်လာမည်။ သင်၏ဖုန်းသာ သင်နှင့်အမြဲတမ်းအတူ ရှိနေခဲ့လျှင် သင်၏ ကိုယ်ရေးကိုယ်တာသက်ဆိုင်သည့် အချက်အလက်များကို မည်သူမျှ ခန့်မှန်းနိုင်မည်မဟုတ်ပါ။

# 2. Biometric ဖြင့် ဝင်ရောက်ရန် မှတ်ပုံတင်ခြင်း နှင့် မှတ်ပုံတင်ခြင်းကိုပယ်ဖျက်ခြင်း


## 2.1 Biometric ဖြင့် ဝင်ရောက်ခြင်းကို မည်သို့မှတ်ပုံတင်ရမည်နည်း?

- ပထမဦးဆုံးအနေဖြင့် Mobile Banking အသုံးပြုရန် သင့်တွင် Mobile Banking User ရှိရမည်ဖြစ်ပြီး နှင့် Mobile Banking application ကိုသင့်ဖုန်းတွင် ထည့်သွင်းထားပြီး ဖြစ်ရပါမည်။

- ထို့နောက် ပုံတွင်ပြထားသည့်အတိုင်း Login Page တွင်ရှိသော လက်ဗွေ (နှင့် မျက်နှာပုံ) ကိုနှိပ်ပါ။





For iOS




For Android

- အောက်ဖော်ပြပါပုံပါအတိုင်း သင်ကိုယ်တိုင်ဖြစ်ကြောင်း အတည်ပြုရန်အတွက်သင်၏အသုံးပြုသူအိုင်ဒီနှင့် လျှို့ဝှက်ကုဒ် ကို တစ်ကြိမ်ရိုက်ပေးရပါမည်။




For iOS





For Android

- သင်၏ အသုံးပြုသူအိုင်ဒီ နှင့် လျှို့ဝှက်ကုဒ်ကို ရိုက်ပြီးနောက် သင် မှတ်ပုံတင်ထားသော ဖုန်းနံပါတ်ဆီသို့ တစ်ခါသုံးလျှို့ဝှက်နံပါတ်(OTP) ကို SMS မှတဆင့် ပေးပို့ပါမည်။ မှတ်ပုံတင်ခြင်းအဆင့် ပြီးမြောက်ရန်အတွက် ဖုန်းထဲသို့ရောက်လာသော OTP code ရိုက်ထည့်ပေးရမည်။ ပြီးနောက် လုပ်ဆောင်မည်ကို နှိပ်ပါ။





- သင်၏ အသုံးပြုသူအိုင်ဒီ နှင့် လျှို့ဝှက်ကုဒ် နှင့် OTP ကိုတစ်ကြိမ်ရိုက်ပြီး အတည်ပြုခြင်းအောင်မြင်ပါက သင်၏ Biometric ဝင်ရောက်ရန်မှတ်ပုံတင်ခြင်း အောင်မြင်စွာပြီးဆုံးကြောင်းကို ပုံတွင်ပြထားသည့်အတိုင်း အတည်ပြုခြင်းစာမျက်နှာ တွင်ဖော်ပြပါမည်။


No SIM
2:04 PM
42%
BIOMETRIC ဖြင့် ဝင်ရောက်ရန် မှတ်ပုံတင်
ယခုဖုန်းတွင် Biometric ဖြင့် Login ဝင်ရန်
အောင်မြင်စွာ မှတ်ပုံတင်ပြီးပါပြီ
အိုကေ

## 2.2 Biometric Login မှတ်ပုံတင်ခြင်းကို မည်သို့ပယ်ဖျက်ရမည်နည်း?

- KBZ Mobile Banking App ကို Login အရင်ဝင်ပါ။ အောက်ဖော်ပြပါပုံအတိုင်း Biometric ဝင်ရောက်ခြင်း ကို စီမံရန်အတွက် သတ်မှတ်ချက်များထဲသို့ဝင်ပါ
-




- ထို့နောက် သင် Biometric Login အတွက် မှတ်ပုံတင်ထားသော Mobile ဖုန်းအမျိုးအစားကို တွေ့ရမည်။ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်လိုပါက “အမှိုက်ပုံး” ပုံကိုနှိပ်၍ ပယ်ဖျက်နိုင်ပါသည်။

- "အမှိုက်ပုံး" ပုံကို တစ်ချက်နှိပ်ပြီးပါက System မှ မှတ်ပုံတင်ပယ်ဖျက်ခြင်း ပြုလုပ်မည် / မပြုလုပ်မည်ကို ဖော်ပြပေးမြန်းပါမည်။




- "လုပ်ဆောင်မည်" ကိုနှိပ်ရပါမည်။ "လုပ်ဆောင်မည်" ကိုနှိပ်ပြီးပါက Auto OTP မှတ်ပုံတင်ပယ်ဖျက်ခြင်း အောင်မြင်ပါမည်။

## 3. Biometric Login ၏ စည်းကမ်းချက်များ

၁. Biometric Login မှတ်ပုံတင်ထားပြီးသော ဖုန်းအား ထပ်မံ၍ မှတ်ပုံတင်ခြင်း မပြုလုပ်နိုင်ပါ။

၂. အောက်ပါအချက်များပြုလုပ်ပါက Biometric Login အသုံးပြုခြင်းကို ချက်ချင်းရပ်ဆိုင်းလိမ့်မည်ဖြစ်သည်။

- အသုံးပြုသူမှ Online Banking ၏ အသုံးပြုသူအိုင်ဒီ နှင့် လျှို့ဝှက်ကုဒ်အား ပြောင်းလဲခဲ့လျှင်၊
- အသုံးပြုသူမှ အခြား ဖုန်းတွင် Biometric Login မှတ်ပုံတင်ခြင်းထပ်မံပြုလုပ်လျှင်၊
- အသုံးပြုသူမှ မှတ်ပုံတင်ခြင်းကိုပယ်ဖျက်ခဲ့လျှင်

မှတ်ချက် ။ ။ Biometric Login ပယ်ဖျက်ပြီးသော်လည်း အသုံးပြုသူ အနေဖြင့် ၎င်းကိုယ်ကိုင် Biometric Login မှတ်ပုံတင်ခြင်းကို ပြန်လည်အသုံးပြုလိုပါက ထပ်မံပြုလုပ်နိုင်ပါသည်။

၃. အကယ်၍ အသုံးပြုသူအနေဖြင့် Biometric Login ဝင်ရာတွင် သတ်မှတ်ထားသောအကြိမ်အရေအတွက်ထက် Login ဝင်ရောက်ခြင်း မအောင်မြင်ခဲ့မှုများဆက်တိုက်ဖြစ်ပေါ်ပါက၊ အသုံးပြုသူအနေဖြင့် Biometric Login အစား ၎င်းသတ်မှတ်ထားခဲ့သော အသုံးပြုသူအိုင်ဒီ (User ID) နှင့် လျှို့ဝှက်ကုဒ် (Password) ဖြင့် Login ဝင်ရောက်၍ရနိုင်မည်ဖြစ်သည်။

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်
STRENGTH OF MYANMAR

**မေးလေ့ရှိသော မေးခွန်းများ**

၁. Biometric Login **ကိုအသုံးပြုဖို့ မှတ်ပုံမတင်၍ Mobile Banking ၏ Online ဝန်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်နိုင်ပါသလား။**

ရပါတယ်။ သင်၏ KBZ Mobile Banking app အား ယခင်အတိုင်း အသုံးပြုသူအိုင်ဒီ နှင့် လျှို့ဝှက်ကုဒ်ကိုရိုက်နှိပ်ပြီး ငွေကြေးဝန်ဆောင်မှုများကိုဆက်လက်လုပ်ဆောင်နိုင်ပါသည်။

**၂. Biometric ဖြင့် ဝင်ရောက်ခြင်းဝန်ဆောင်မှုကို အသုံးပြုလိုပါက မှတ်ပုံတင်ရန်လိုအပ်ပါသလား။**

Biometric ဖြင့် ဝင်ရောက်ခြင်းဝန်ဆောင်မှုကို အသုံးပြုလိုပါက မှတ်ပုံတင်ရန်လိုအပ်ပါတယ်။

**၃. မှတ်ပုံတင်ပြီးနောက် Biometric ဝန်ဆောင်မှုကို အသုံးပြု၍** စနစ်ကိုချက်ချင်းဝင်ရောက်**နိုင်ပါသလား။**

မှတ်ပုံတင်ခြင်းအဆင့်အောင်မြင်ပြီးနောက် သင်၏လက်ဗွေကို အသုံးပြု၍ စနစ်ကို ချက်ချင်းဝင်ရောက်နိုင်ပါသည်။

**၄. Android OS စက်များတွင် Biometric ဝန်ဆောင်မှုကို အသုံးပြုနိုင်ပြီလား။**

Biometric ဖတ်စက်ပါရှိသော မိုဘိုင်းဖုန်း အများစုတွင် ရနိုင်ပါတယ်။

**၅. IOS စက်များတွင် Biometric ဝန်ဆောင်မှုကို အသုံးပြုနိုင်ပြီလား။**

ရပါတယ်။ ISO version 9.0 နှင့်အထက်ရှိသော Apple စက်ပစ္စည်းများကိုသာ ရွေးချယ်အသုံးပြုနိုင်ပါသည်။
FaceID အတွက် iPhone X နှင့်အထက် မော်ဒယ်များတွင်သာ အသုံးပြုနိုင်မှာဖြစ်ပါတယ်

**၆. Biometric ဝန်ဆောင်မှုကို အသုံးမပြုလိုပါက ပြန်ဖြုတ်**၍ရပါသလား။

ရပါတယ်။ KBZ Mobile Banking app ၏ သတ်မှတ်ချက်များမှတဆင့် စနစ်သို့ဝင်ပါ။ ထို့နောက် သင်၏ Biometric ဝင်ရောက်ခြင်းဝန်ဆောင်မှုအတွက် မှတ်ပုံတင်ထားသော Mobile ဖုန်းအမျိုးအစားကို တွေ့ရမည်။ Biometric ဝန်ဆောင်မှုကို အသုံးမပြုလိုပါက "အမှိုက်ပုံး" ပုံကိုနှိပ်၍ ပြန်ဖြုတ်နိုင်ပါသည်။

**၇. Biometric ဝန်ဆောင်မှုကို အသုံးပြုရန် OS version များနှင့် စက်ပစ္စည်းများမရှိပါက မည်သို့လုပ်ဆောင်ရမည်နည်း။**

ယခင်အတိုင်းသင်၏အသုံးပြုသူအိုင်ဒီနှင့်လျှို့ဝှက်ကုဒ်ကိုရိုက်နှိပ်ပြီး ဝင်ရောက်နိုင်ပါသည်။

**၈. Biometric ဝန်ဆောင်မှုကို အသုံးပြုရန် လက်ဗွေကို မည်သို့ချိတ်ဆက်ရမည်နည်း။**

အကယ်၍ Biometric အသုံးပြုရန် icon လေးကိုနှိပ်လိုက်ပါက သင်၏ဖုန်းထဲတွင်ရှိသော လက်ဗွေများ အားလုံးနှင့် ချိတ်ဆက်နိုင်ရန် ချက်ချင်းဖော်ပြမည်။

**၉. ကျွန်ုပ်၏ဖုန်းထဲတွင် လက်ဗွေမှတ်သားမှု တစ်ခုထက်ပိုရှိခဲ့ရင် မည်သို့လုပ်ဆောင်ရမည်နည်း။**

သင်၏ဖုန်းထဲတွင်သိမ်းဆည်းထားသော မည်သည့်လက်ဗွေကိုမဆို KBZ Mobile Banking စနစ်သို့ ဝင်ရောက်ရန် အသုံးပြုနိုင်မည်ဖြစ်သည်။ အကောင်းဆုံးအချက်အနေဖြင့် သင်၏ဖုန်းထဲတွင် အခြားသူများ၏လက်ဗွေများသိမ်းဆည်းထားပါက ထိုလက်ဗွေများအားလုံးကို သင်၏ဖုန်းထဲမှ ဖယ်ရှားပစ်ရန် အကြံပြုလိုပါသည်။ အကယ်၍မဖယ်ရှားခဲ့ပါက ထိုလက်ဗွေများဖြင့် သင်၏ Mobile Banking စနစ်သို့ ဝင်ရောက်အသုံးပြုနိုင်ခြင်းကြောင့်ဖြစ်သည်။

**၁၀. သင်၏ဖုန်းထဲတွင် တစ်ခု (သို့) တစ်ခုထက်ပိုသော လက်ဗွေများ ထပ်ပေါင်းထည့်လျှင် သော်လည်းကောင်း၊ ဖယ်ရှားခဲ့လျှင်သော်လည်းကောင်း မည်သို့ဆက်လက်လုပ်ဆောင်မည်နည်း။**

လက်ဗွေများ ထပ်ပေါင်းထည့်သော်လည်း သင်၏ KBZ Mobile Banking application ကို ၄င်း လက်ဗွေများဖြင့် ဆက်လက် လုပ်ဆောင်နိုင်ပါသည်။ ဖယ်ရှားခဲ့သော လက်ဗွေများဖြင့် ဆက်လက် မလုပ်ဆောင်နိုင်ပါ။

**၁၁. Biometric ဝန်ဆောင်မှုရယူထားသော ကျွန်ုပ်၏ဖုန်းထဲတွင် အခြားသူတစ်ဦးမှ သူ၏ကိုယ်ပိုင် အသုံးပြုသူအိုင်ဒီ နှင့်လျှို့ဝှက်ကုဒ်ကို အသုံးပြု၍ KBZ Mobile Banking စနစ်သို့ဝင်လျှင်မည်သို့ဖြစ်မည်နည်း။**

ကျွန်ုပ်၏ဖုန်းထဲတွင် အခြားသူတစ်ဦးမှ သူ၏ကိုယ်ပိုင်အသုံးပြုသူအိုင်ဒီနှင့်လျှို့ဝှက်ကုဒ်ကို အသုံးပြု၍ KBZ Mobile Banking စနစ်သို့ဝင်ခဲ့လျှင် ထိုသူ၏ဘဏ်စာရင်းအချက်အလက်များနှင့် သက်ဆိုင်သော အချက်အလက်များကိုသာ KBZ Mobile Banking application မှဆက်လက်လုပ်ဆောင်ခွင့်ပြုသည်။

**၁၂. Biometric ဝန်ဆောင်မှုရယူရန် Device အရေအတွက် မည်မျှအထိမှတ်ပုံတင်နိုင်သနည်း။**

Biometric ဝန်ဆောင်မှုရယူရန်အတွက် အသုံးပြုသူတစ်ဦးလျှင် "Device တစ်လုံးသာ" မှတ်ပုံတင်နိုင်ပါသည်။

## ၁၃. သင်၏ KBZ Mobile Banking Application ထဲတွင် လက်ဗွေများကို သိမ်းဆည်းထားနိုင်ပါသလား။

KBZ Mobile Banking Application ထဲတွင် လက်ဗွေများကို မသိမ်းဆည်းထားနိုင်ပါ။ သင်၏ဖုန်းထဲတွင်သိမ်းဆည်းထားပြီးသော လက်ဗွေများဖြင့်သာ KBZ Mobile Banking စနစ်ကို ဝင်ရောက်နိုင်ပါသည်။

## ၁၄. Biometric ဝန်ဆောင်မှုရယူထားသော ကျွန်ုပ်၏ဖုန်းပျောက်ဆုံးသွားပါက မည်သို့လုပ်ဆောင်ရမည်နည်း။

Biometric ဝန်ဆောင်မှုရယူထားသော သင်၏ဖုန်းပျောက်ဆုံးသွားပါက နီးစပ်ရာကမ္ဘောဇဘဏ်ခွဲများသို့ ချက်ချင်းသွားရောက်ပြီး သင်၏ mobile banking user အသုံးပြု၍မရစေရန်ပိတ်ထားခြင်း (သို့) ကမ္ဘောဇဘဏ်၏ Call Center (01-37018/37019) သို့ချက်ချင်းဆက်သွယ်ခြင်းများ ဦးစားပေးပြုလုပ်စေရန် တိုက်တွန်းလိုပါသည်။

တစ်နည်းအားဖြင့် သင်၏ ဖုန်းအသစ်တစ်လုံးတွင် KBZ Mobile Banking App ကို download ပြုလုပ်ပါ။ သင်၏ ဖုန်းအသစ်တွင် Biometric ဝန်ဆောင်မှုရယူရန်အတွက် သင်၏ အသုံးပြုသူအိုင်ဒီနှင့်လျှို့ဝှက်ကုဒ်ကို သုံး၍ တစ်ကြိမ်ထပ်မံမှတ်ပုံတင်ပေးပါ။ ဖုန်းအသစ်တွင် မှတ်ပုံတင်ပြီးသည်နှင့်တပြိုင်နက် ပျောက်ဆုံးသွားသော သင်၏ဖုန်းအဟောင်းတွင်မှတ်ပုံတင်ထားခြင်းအား အလိုအလျောက် စနစ်မှပယ်ဖျက်ပါမည်။

## ၁၅. ကျွန်ုပ်၏ဖုန်းအသစ်ပြောင်းလဲလိုပါက Biometric ဝန်ဆောင်မှုရယူရန်အတွက် မည်သို့လုပ်ဆောင်ရမည်နည်း။

သင်၏ဖုန်းအသစ်တွင် KBZ Mobile Banking App ကို download ပြုလုပ်ပါ။ သင်၏ ဖုန်းအသစ်တွင် Biometric ဝန်ဆောင်မှုရယူရန်အတွက် သင်၏ အသုံးပြုသူအိုင်ဒီနှင့်လျှို့ဝှက်ကုဒ်ကို သုံး၍ ထပ်မံမှတ်ပုံတင်ပေးပါ။ ဖုန်းအသစ်တွင် မှတ်ပုံတင်ပြီးသည်နှင့်တပြိုင်နက် သင်၏ဖုန်းအဟောင်းတွင်မှတ်ပုံတင်ထားခြင်းအား အလိုအလျောက် စနစ်မှပယ်ဖျက်ပါမည်။

## ၁၆. Mobile Banking ဖြင့် ငွေပမာဏများစွာလွှဲပြောင်းခြင်းများ ပြုလုပ်ရာတွင် ကျွန်ုပ်၏လျှို့ဝှက်ကုဒ် ဘာကြောင့်ထည့်ဖို့ လိုအပ်ပါသလဲ။

သင်၏ ငွေကြေးဆိုင်ရာ လုံခြုံရေးအတွက် Biometric ဝန်ဆောင်မှုကိုသုံး၍ စနစ်အတွင်းဝင်ရောက်ပြီးသော်လည်း ငွေပမာဏများစွာ လွှဲပြောင်းခြင်းများ ပြုလုပ်ရန်အတွက် သင်ကိုယ်တိုင်ဖြစ်ကြောင်း ထပ်မံအထောက်အထားပြုလိုသဖြင့် သင်၏ လျှို့ဝှက်ကုဒ်ကို ထည့်ဖို့လိုအပ်ခြင်းဖြစ်ပါသည်။